# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၀/၂၀၁၀)
## ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
## (၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**[ ပြင်ဆင် : 08.10.2013, 30.07.2014, 28.07.2015, 20.08.2019 ]**

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့် အလျောက် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့် အခါတွင် ဆောင်ရွက်ရန်ရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်လာပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေ ချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆို သည်။

(ခ) **မူလမှု** ဆိုသည်မှာ သက်ဆိုင်ရာ တရားရုံးက မူလစီရင်ပိုင်ခွင့်အာဏာအရ စစ်ဆေးစီရင်သော အမှုကိုဆိုသည်။

(ဂ) **အယူခံမှု** ဆိုသည်မှာ တရားရုံးတစ်ရုံးကချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို အယူခံမှု စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ ဥပဒေနှင့်အညီ အယူခံသည့် အမှုကိုဆိုသည်။

Myanmar Law Information System (MLIS)

(ဃ) **ပြင်ဆင်မှု** ဆိုသည်မှာ တရားရုံးတစ်ရုံးကချမှတ်သည့်စီရင်ချက် သို့မဟုတ် အမိန့်ကိုပြင်ဆင်မှု စီရင်ပိုင် ခွင့်ရှိသော တရားရုံးသို့ ဥပဒေနှင့်အညီ ပြန်လည်စိစစ်ရန် ဖွင့်လှစ်သည့်အမှုကိုဆိုသည်။

(င) **အထူးအယူခံမှု** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလမှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဖြစ်စေ၊ အယူခံမှု စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ အပြီးသတ်ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်က အထူးအယူ ခံဝင်ခွင့်ပြုသော အမှုကို ဆိုသည်။

## အခန်း(၂)

## တရားစီရင်ရေးဆိုင်ရာမူများ

၃။ တရားစီရင်ရာတွင် အောက်ပါတို့ကို အခြေခံ၍ စီရင်ရမည်-

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

(ဃ) ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်း သာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊

(င) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး၊

(စ) ပြည်သူအချင်းချင်းနှင့် ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေ ရေး၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

၄။ မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိစေရ။

၅။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

၆။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်လိုက်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှုထင်ရှားစီရင် သည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကိုအသစ်တစ်ဖန်ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ယင်းပြစ်မှု အတွက် ထိုသူအား ထပ်မံ စစ်ဆေးခြင်းမပြုရ။

## အခန်း(၃)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်



Myanmar Law Information System (MLIS)

## ဖွဲ့စည်းခြင်း

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တစ်ရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားရှိသည်။

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကိုမထိခိုက်စေဘဲ နိုင်ငံတော်၏အမြင့်ဆုံးတရားရုံး ဖြစ်သည်။

၉။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အကြီးအမှူးကို ပြည်ထောင်စုတရားသူကြီးချုပ်ဟု ခေါ်ဝေါ် ရမည်။

၁၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နေပြည်တော်တွင် ရုံးထိုင်ရမည်။ လိုအပ်ပါက နိုင်ငံတော် အတွင်း သင့်လျော်ရာဒေသတစ်ခုခုတွင်လည်း ရုံးထိုင်နိုင်သည်။

စီရင်ပိုင်ခွင့်အာဏာများ

၁၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ အောက်ပါကိစ္စရပ်များအတွက် မူလမှု စီရင်ပိုင်ခွင့် အာဏာများ ရှိသည်-

(က) ပြည်ထောင်စုနိုင်ငံတော်ကချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာစာချုပ်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ၊

(ခ) ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ၊

(ဂ) တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ၊

(ဃ) ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊

(င) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အမှုများ။

၁၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ် စေ၊ အခြားဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ မဆန့်ကျင်စေဘဲ-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို အယူခံမှုစီရင်ပိုင်ခွင့်အာဏာရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်ကချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို အယူခံမှု စီရင်ပိုင်ခွင့် အာဏာရှိသည်။

(ဂ) အခြားတရားရုံးက ချမှတ်သောစီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို ဥပဒေနှင့်အညီ စစ်ဆေး ဆုံးဖြတ်နိုင်သော အယူခံမှု စီရင်ပိုင်ခွင့်အာဏာရှိသည်။

Myanmar Law Information System (MLIS)

၁၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးတစ်ရုံးက ချမှတ်သောစီရင်ချက် သို့မဟုတ် အမိန့်ကို ဥပဒေနှင့်အညီ ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာရှိသည်။

၁၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သေဒဏ်အမိန့်ကို အတည်ပြုမှုနှင့် သေဒဏ်အမိန့်ကို အယူခံမှုများအား စီရင်ပိုင်ခွင့်အာဏာရှိသည်။

၁၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသော အမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

(ခ) တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

၁၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) အောက်ပါ စာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်-

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊

(၂) အာဏာပေးစာချွန်တော်အမိန့်၊

(၃) တားမြစ်စေစာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်၊

(၅) အမှုခေါ်စာချွန်တော်အမိန့်။

(ခ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

(ဂ) အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့် ကိစ္စမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၇ ပါအခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်းမပြုရ-

(၁) စစ်မက်ဖြစ်ပွားချိန်၊

(၂) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊

(၃) ဆူပူသောင်းကျန်းမှု ဖြစ်ပေါ်နေချိန်။

၁၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့် အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့် အာဏာကို မထိခိုက်စေရ။

၁၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့်မရှိစေရ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိမူလ စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကိုမူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အယူခံပိုင်ခွင့်မဆုံးရှုံးစေရန်အလို့ငှာ အယူခံပိုင်ခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၁၉။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလမှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ အယူခံမှု စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ အပြီးသတ် ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအယူခံဝင်ခွင့်ပြုနိုင်သည်။

၂၀။ အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့် အမှုမှအပ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က အပြီးသတ် စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကိုမဆို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ်ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆလျှင် ထိုပြဿနာကို အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည် စစ်ဆေး စီရင်စေနိုင်သည်။

၂၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မိမိ၏စီရင်ပိုင်ခွင့်အာဏာများကို ကျင့်သုံးရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်က သတ်မှတ်ပေးသည့်အတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင် သည်။

၂၂။ (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည့် အားလျော် စွာ နောက်ဆုံးအပြီးအပြတ် အယူခံဝင်ရာတရားရုံးဖြစ်သည်။

(ခ) ပြည်ထောင်စုတရားသူကြီးချုပ်ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များ သည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့်မရှိစေရ။

တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ ပြည်ထောင်စုလွှတ်တော်နာယကရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ခ) နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(၁) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများက နေ့စဉ်တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် တရားခွင်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာ ပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

**ခြွင်းချက်**။ တရားသူကြီးများသည် ဥပဒေတစ်ရပ်ရပ်အရ ကျမ်းသစ္စာပြုရန် ကင်းလွတ်ခွင့်ရှိသူဖြစ်ပါက ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသောအမှုများကို တရားသူကြီးတစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

<ပြင်ဆင် 08.10.2013, 20.08.2019>

၂၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

ခန့်အပ်တာဝန်ပေးခြင်း

၂၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဦးရေ အနည်းဆုံး ခုနစ်ဦးမှအများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင် သည်။

၂၆။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၁ နှင့် ဤဥပဒေ ပုဒ်မ ၃၀ တို့ပါ အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရမည်။

၂၇။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၁ နှင့် ဤဥပဒေ ပုဒ်မ ၃၀ တို့ပါ အရည်အချင်းများနှင့် ပြည့်စုံသောပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး များအဖြစ် ခန့်အပ်ရမည်။

၂၈။ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ သည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

၂၉။ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးဦးသည်-

(က) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

(ခ) နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံရမည့်သူဖြစ်ပါက နိုင်ငံသား တစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါပြဋ္ဌာန်း ချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေ စည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

<ပြင်ဆင် 28.07.2015>

အရည်အချင်းများ

Myanmar Law Information System (MLIS)

၂၀။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၅၀ နှစ်ထက်မငယ်၊ အသက် ၇၀ နှစ်ထက်မကြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ၊

(ဃ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် အနည်းဆုံး ၅နှစ် ဆောင်ရွက်ခဲ့သူ

**သို့မဟုတ်**

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ

**သို့မဟုတ်**

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ

**သို့မဟုတ်**

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(စ) နိုင်ငံရေးပါတီဝင် မဟုတ်သူ၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ။

**ရာထူးသက်တမ်း**

၂၁။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၇၀ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင် ခွင့် ရှိသည်-

(က) မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊

(ဂ) ဥပဒေအရ သတ်မှတ်သောဆေးအဖွဲ့၏စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊

(ဃ) ကွယ်လွန်ခြင်း။

**လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၂၂။ ပုဒ်မ ၂၁ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်

တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ်အသစ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။

စွပ်စွဲပြစ်တင်ခြင်း

၃၃။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင် လိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၄)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ
## ဖွဲ့စည်းခြင်း

၃၄။ တိုင်းဒေသကြီးတွင် တိုင်းဒေသကြီးတရားလွှတ်တော်ကိုလည်းကောင်း၊ ပြည်နယ်တွင် ပြည်နယ်တရားလွှတ်တော်ကိုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်း ထားရှိသည်။

၃၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၏ အကြီးအမှူးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်ဟု ခေါ်ဝေါ်ရမည်။

၃၆။ (က) တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လျှင် တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် ယင်းပြည်ထောင်စုနယ်မြေအတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်။

၃၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ရုံးစိုက်ရာမြို့တွင် ရုံးထိုင်ရမည်။ လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သင့်လျော်ရာ ဒေသတစ်ခုခုတွင် လည်း ရုံးထိုင်နိုင်သည်။

စီရင်ပိုင်ခွင့်အာဏာများ

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် ဥပဒေနှင့်အညီ အောက်ပါစီရင်ပိုင်ခွင့် အာဏာများရှိသည်-

(က) မူလမှုကို စီရင်ခြင်း၊

(ခ) အယူခံမှုကို စီရင်ခြင်း၊

(ဂ) ပြင်ဆင်မှုကို စီရင်ခြင်း၊

(ဃ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း ၊

(င) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အမှုများကို စီရင်ခြင်း။

<ပြင်ဆင် 30.07.2014>



Myanmar Law Information System (MLIS)

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး သို့မဟုတ် ခရိုင်တရားရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်ကို ဥပဒေနှင့်အညီ အယူခံမှု စီရင်ပိုင်ခွင့်အာဏာနှင့် စီရင်ချက်၊ အမိန့်ကို ဥပဒေနှင့်အညီ ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများရှိသည်။

၄၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည်-

(က) မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း မိမိ၏ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသောအမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

(ခ) မိမိစီရင်ပိုင်ခွင့်ရှိသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် မိမိ၏စီရင်ပိုင်ခွင့်အာဏာများကို ကျင့်သုံးရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က သတ်မှတ်ပေးသည့်အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး တစ်ဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့်ဖြစ်စေ စစ်ဆေးစီရင် နိုင်သည်။

တာဝန်နှင့် လုပ်ပိုင်ခွင့်

၄၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ မိမိစီရင်ပိုင်ခွင့်ရှိသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တည်ရှိနေသော အောက်ဖော်ပြပါ တရားရုံးအားလုံးကို တရားစီရင်ရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲ ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု မရှိလျှင်-

(၁) ခရိုင်တရားရုံးများ၊

(၂) မြို့နယ်တရားရုံးများ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရှိလျှင်-

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၌

(ကက) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊

(ခခ) ခရိုင်တရားရုံးများ၊

(ဂဂ) မြို့နယ်တရားရုံးများ။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌

(ကက) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊

(ခခ) မြို့နယ်တရားရုံးများ။

(၃) ကျန်ဒေသများ၌

(ကက) ခရိုင်တရားရုံးများ၊

(ခခ) မြို့နယ်တရားရုံးများ။

Myanmar Law Information System (MLIS)

(ဂ) ပြည်ထောင်စုနယ်မြေ၌-

(၁) ခရိုင်တရားရုံးများ၊

(၂) မြို့နယ်တရားရုံးများ။

(ဃ) ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ။

ခန့်အပ်တာဝန်ပေးခြင်း

၄၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တစ်ရပ်စီတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများဦးရေ အနည်းဆုံးသုံးဦးမှ အများဆုံး ခုနစ်ဦးအထိ ခန့်အပ်နိုင်သည်။

၄၄။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ နှင့် ဤဥပဒေ ပုဒ်မ ၄၈ တို့ပါ အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ချုပ်အဖြစ် ခန့်အပ်ရမည်။

၄၅။ နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ နှင့် ဤဥပဒေ ပုဒ်မ ၄၈ တို့ပါ အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး များအဖြစ် ခန့်အပ်ရမည်။

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတစ်ဦးဦးသည်-

(က) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၉၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

(ခ) နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

<ပြင်ဆင် 28.07.2015>

အရည်အချင်းများ

၄၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံ ရမည်-

Myanmar Law Information System (MLIS)

(က) အသက် ၄၅ နှစ်ထက်မငယ်၊ အသက် ၆၅ နှစ်ထက် မကြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အဖြစ်ရွေးကောက်တင် မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ၊

(ဃ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သောတရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ခရိုင်အဆင့်ထက် မနိမ့်သောတရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်း ဆောင်ခဲ့သူ၊

**သို့မဟုတ်**

(၂) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ၊

**သို့မဟုတ်**

(၃) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(စ) နိုင်ငံရေးပါတီဝင် မဟုတ်သူ၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ။

ရာထူးသက်တမ်း

၄၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ သည် အောက်ပါအကြောင်းတစ်ရပ်ရပ်မပေါ်ပေါက်လျှင် အသက် ၆၅ နှစ်ပြည့်သည်အထိ တာဝန် ထမ်းဆောင်ခွင့် ရှိသည်-

(က) မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊

(ဂ) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိကြောင်းတွေ့ရှိရခြင်း၊

(ဃ) ကွယ်လွန်ခြင်း။

လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၅၀။ ပုဒ်မ ၄၉ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း နှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရား သူကြီးချုပ်အသစ် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ် အား ခန့်အပ်တာဝန်ပေးနိုင်သည်။

Myanmar Law Information System (MLIS)

စွပ်စွဲပြစ်တင်ခြင်း

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအား စွပ်စွဲပြစ်တင်လိုပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၅)

## တရားရုံးများ

## ဖွဲ့စည်းခြင်း

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အောက်ဖော်ပြပါ တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားရှိသည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊

(ဂ) ခရိုင်တရားရုံးများ၊

(ဃ) မြို့နယ်တရားရုံးများ၊

(င) ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ။

စီရင်ပိုင်ခွင့်အာဏာများ

၅၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် ခရိုင်တရားရုံးများ သည် ဥပဒေနှင့်အညီ ပြစ်မှုဆိုင်ရာ မူလမှုများနှင့် တရားမ မူလမှုများကိုလည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရ သတ်မှတ်ထားသော အမှုများကို လည်းကောင်း စီရင်ပိုင်ခွင့်အာဏာရှိသည်။

၅၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် ခရိုင်တရားရုံးများ သည် မြို့နယ်တရားရုံးနှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်ကိုဥပဒေနှင့်အညီ အယူခံမှု စီရင်ပိုင်ခွင့်အာဏာနှင့် စီရင်ချက်၊ အမိန့်ကို ဥပဒေနှင့်အညီ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများရှိသည်။

၅၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများ သည်-

(က) မိမိစီရင်ပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း မိမိ၏ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသောအမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

(ခ) မိမိစီရင်ပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း တရားရုံးတစ်ရုံးမှအခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ပိုင်ခွင့်အာဏာ ရှိသည်။

၅၆။ မြို့နယ်တရားရုံးများသည် ဥပဒေနှင့်အညီ ပြစ်မှုဆိုင်ရာ မူလမှုများနှင့် တရားမ မူလမှုများကို လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အမှုများကိုလည်းကောင်း စီရင်ပိုင်ခွင့် အာဏာရှိသည်။

၅၇။ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများသည် သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထား သည့် အမှုများကို စီရင်ပိုင်ခွင့် အာဏာရှိသည်။

တာဝန်နှင့်လုပ်ပိုင်ခွင့်

၅၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများ သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ မိမိစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးအားလုံးကို တရားစီရင်ရေး ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း(၆)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်သော ကိစ္စရပ်များ

၅၉။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုရှိ မရှိ၊ ညီညွတ်မှု ရှိ မရှိ အငြင်းပွားမှုပေါ်ပေါက်ပါက-

(က) ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကလည်း တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချမှတ်ထားခြင်းမရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်း ထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံ ရုံးသို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

(ခ) ယင်းအငြင်းပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက် သည် ထိုအမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၆၀။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် ကိစ္စရပ်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်။

## အခန်း(၇)

## အထွေထွေ

၆၁။ ဤဥပဒေအာဏာမတည်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဤဥပဒေကို အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၆၂။ ဤဥပဒေအာဏာတည်ပြီးနောက် မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များနှင့် တရားရုံးများက ကြားနာစစ်ဆေး စီရင်ရမည်။

Myanmar Law Information System (MLIS)

၆၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများက ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများ စစ်ဆေးစီရင် နိုင်ရန် စီရင်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၆၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများတွင် တရားသူကြီးအဖြစ်ဆောင်ရွက်ရန် တရားရေး အရာရှိများအား စီရင်ပိုင်ခွင့်အာဏာအရပ်ရပ်ကို အပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ် ပေးခြင်းပြုလုပ်ရမည်။

၆၅။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည်-

(က) ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် အခါတွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် အခါတွင်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါတွင် လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၆၆။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တရားစီရင်ရေးဆိုင်ရာ အခြေအနေကို အခါအားလျော်စွာ တင်ပြနိုင်သည်။

၆၇။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ၊ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှု ရမည်။
<ပြင်ဆင် 08.10.2013>

၆၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများသည် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် မိမိတို့၏

Myanmar Law Information System (MLIS)

စီရင်ပိုင်ခွင့်ရှိရာဒေသအတွင်းရှိ အကျဉ်းစခန်းများ၊ ရဲဘက် စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်။

<ပြင်ဆင် 08.10.2013>

၆၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်သည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

၇၀။ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့် အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ်ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာ အမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက် စစ်ဆေးစီရင်ရမည်။

၇၁။ ရှိရင်းစွဲ နည်းဥပဒေများ၊ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လက်စွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သော် လည်းကောင်း မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး နိုင်သည်။

၇၂။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်း ခြင်းမပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။

၇၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲများကို ထုတ်ပြန်နိုင်သည်။

၇၄။ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ (၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)